# အားလုံးပဲ စစ်ကြည့်ကြပါ!အနိမ့်ဆုံးလုပ်အားခ။



ရုံးဝန်ထမ်း၊ Part-time၊
အချိန်ပိုင်းအလုပ်လုပ်ကိုင်နေသောပုဂ္ဂိုလ်များ၊ ကျောင်းသားများ
အလုပ်လုပ်နေသောသူအားလုံးနှင့်
အလုပ်ရှင်များအတွက်စည်းမျဉ်းဖြစ်ပါတယ်။

## အိုခိနဝစီရင်စု၏ အနိမ့်ဆုံးလုပ်အားခ

2021ခုနှစ်
အောက်တိုဘာလ
8ရက်နေ့မှစ၍
[ တစ်နာရီလျှင် ]

# 820 ယန်း

28 ယန်း
တိုးမြှင့်မည်

ミャンマー語版



အနိမ့်ဆုံးလုပ်အားခဆိုသည်မှာ အလုပ်သမားများအားလုံးအတွက် လုပ်အားခ၏အနိမ့်ဆုံးငွေပမာဏကို အာမခံချက်ပေးသော စနစ်ဖြစ်ပါသည်။

WEB
မှာစစ်ဆေးပါ။

အနိမ့်ဆုံးလုပ်အားခနှင့် ပတ်သက်သည့် အထူး
ဝက်ဘ်ဆိုက် (ဂျပန်ဘာသာ):
http://www.saiteichingin.info/ 最低賃金制度 検索

အနိမ့်ဆုံးလုပ်အားခနှင့် ပတ်သက်၍ အိုခိနဝအလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ
အခြေခံအလုပ်သမားကြီးကြပ်ရေးရုံး သို့ စုံစမ်းမေးမြန်းနိုင်သည်
အိုခိနဝအလုပ်သမားဦးစီးဌာန ဝက်ဘ်ဆိုက် လိပ်စာ: https://jsite.mhlw.go.jp/okinawa-roudoukyoku/

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

# အနိမ့်ဆုံးလုပ်အားခစနစ် ဆိုတာဘာလဲ။

## အလုပ်သမားများအားလုံးအတွက် လုပ်အားခ၏အနိမ့်ဆုံးငွေပမာဏ (အနိမ့်ဆုံးလုပ်အားခ) ကို အာမခံချက်ပေးသော စနစ်ဖြစ်ပါသည်။

အသက်အရွယ်နှင့် အချိန်ပိုင်းအလုပ်၊ ကျောင်းသားအချိန်ပိုင်းအလုပ် စသည့်
အလုပ်သမားများ၏ ခြားနားချက်နှင့် မသက်ဆိုင်ဘဲ
အလုပ်သမားအားလုံးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။



## စစ်ဆေးရမည့်နည်းလမ်းက ဘယ်လိုလဲ။

စစ်ဆေးချင်သည့် လုပ်အားခ(*1) ကို နာရီစုစုပေါင်းမှာထားပြီး အနိမ့်ဆုံးလုပ်အားခ (နာရီစုစုပေါင်း) နှင့် နှိုင်းယှဉ်ကြည့်ရအောင်။

### အနိမ့်ဆုံးလုပ်အားခနှင့် နှိုင်းယှဉ်ပုံနည်းလမ်း

သင်၏ လုပ်အားခနှင့် သက်ဆိုင်ရာ စီရင်စုနယ်၏ အနိမ့်ဆုံးလုပ်အားခပမာဏကို ဖြည့်သွင်းကြည့်ရအောင်။ (*2)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1 | ၁နာရီ၏ လုပ်အားခမှာ | ၁ နာရီလုပ်အားခ<br>ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခပမာဏ(နာရီစုစုပေါင်း)<br>ယန်း | | | | | |
| 2 | ၁ရက်၏လုပ်အားခမှာ | ၁ရက်လုပ်အားခ<br>ယန်း | ÷ | ၁ရက်၏ ပျမ်းမျှသတ်မှတ်ထားသော အလုပ်ချိန်<br>နာရီ | = | နာရီစုစုပေါင်း<br>ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခ(နာရီစုစုပေါင်း)<br>ယန်း | |
| 3 | ၁ လ၏ လုပ်အားခမှာ | ၁ လ လုပ်အားခ<br>ယန်း | ÷ | ၁ လ၏ ပျမ်းမျှသတ်မှတ်ထားသော အလုပ်ချိန်<br>နာရီ | = | နာရီစုစုပေါင်း<br>နာရီ | ≥ | အနိမ့်ဆုံးလုပ်အားခ(နာရီစုစုပေါင်း)<br>ယန်း | |

**4** အထက်ဖော်ပြပါ 1,2,3 ကိုပေါင်းလိုက်သည့်အခါ

ဥပမာအနေဖြင့်၊ အခြေလုပ်အားခသည် ၁ ရက် လုပ်အားခ နှင့် အခြား ထောက်ပံ့စရိတ်အသီးသီး (ဝတ္တရားအရထောက်ပံ့စရိတ် စသည်) ကို ၁ လစာ လခ ပေးမည်

❶ အခြေခံလုပ်အားခ (၁ ရက်လုပ်အားခ) → နည်းလမ်း 2 အတိုင်းတွက်ချက်၍ နာရီစုစုပေါင်းကိုထုတ်သည်
❷ ထောက်ပံ့စရိတ်အသီးသီး (၁ လလုပ်အားခ) → နည်းလမ်း 3 အတိုင်း နာရီစုစုပေါင်းကို တွက်ချက်မည်
❸ ❶ နှင့် ❷ ကိုပေါင်းပြီးသည့် ပမာဏ ≥ အနိမ့်ဆုံးလုပ်အားခ (နာရီစုစုပေါင်း)

(*1) အနိမ့်ဆုံးလုပ်အားခ ပမာဏ နှင့် နှိုင်းယှဉ်၍ အောက်ပါ လုပ်အားခကို ထည့်သွင်းမည် မဟုတ်ပါ။
① အထူး ပေးချေသည့် လုပ်အား (မင်္ဂလာဆောင် ထောက်ပံ့စရိတ်၊ စသည်) ② ၁ လကြာ ကျော်လွန်ပြီးတိုင်း ပေးချေသည့် လုပ်အားခ (ဘောနပ်စ်၊ စသည်) ③ သတ်မှတ်ထားသော အလုပ်ချိန်ကို ကျော်လွန်သည့် အလုပ်လုပ်ချိန်အတွက် ပေးချေသည့် လုပ်အားခ(အချိန်ပိုကြေး အတွက် တိုးလာသည့် လုပ်အားခ စသည်) ④ သတ်မှတ်ထားသော အလုပ်လုပ်ရက် ထက်ပိုသည့် အလုပ်လုပ်ရက်အတွက် ပေးချေသည့် လုပ်အားခ (ပြဋ္ဌာန်းထားသော နားရက်တွင်အလုပ်လုပ်ခြင်းအတွက် တိုးလာသည့် လုပ်အားခ စသည်) ⑤ ည ၁၀ နာရီမှ မနက် ၅ နာရီအထိ အလုပ်လုပ်ခြင်းအတွက် ပေးချေသည့် လုပ်အားခသည် သာမန်အလုပ်လုပ်ချိန်၏ လုပ်အားခ၏ စုစုပေါင်းငွေပမာဏ ကိုကျော်လွန်သည့် ဝေစု (ညဘက် အလုပ်လုပ်ခြင်း အတွက် တိုးလာသည့် လုပ်အားခ စသည်) ⑥ အလုပ်ပျက်ရက်မရှိ ထောက်ပံ့စရိတ်၊ သယ်ယူပို့ဆောင်ရေး ထောက်ပံ့စရိတ် နှင့် မိသားစုထောက်ပံ့စရိတ်
(*2) အသေးစိတ်တွက်ချက်သည့်နည်းလမ်းနှင့် ကော်မရှင်ပေးသည့်အခါ တွက်ချက်သည့်နည်းလမ်း စသည်တို့ကို အလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ အခြေခံအလုပ်သမားကြီးကြပ်ရေးရုံးသို့ ဆွေးနွေးနိုင်သည်

## အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံး အနိမ့်ဆုံးလုပ်အားခကို သေသေချာချာ စစ်ဆေးရမည်။

စမတ်ဖုန်း၊ လက်ကိုင်ဖုန်းတွင် မိမိနေထိုင်ရာ ဒေသ၏ အနိမ့်ဆုံးလုပ်အားခကို စစ်ဆေးကြည့်ရအောင်။ (ဂျပန်ဘာသာသာ)

## အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်

လုပ်အားခတိုးမြှင့်မှုအား ထောက်ပံ့ပေးသော ထောက်ပံ့ငွေအား တက်ကြွစွာ အသုံးပြုလိုက်ကြရအောင်။

အမြင့်ဆုံး ယန်းသောင်း 600အား ထောက်ပံ့မည်

**業務改善助成金**

"စီးပွားရေးပြုပြင်မွမ်းမံမှုထောက်ပံ့ငွေ" ဆိုသည်မှာ ကုန်ထုတ်လုပ်မှုစွမ်းအားကိုတိုးတက်စေပြီး "လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံးလုပ်အားခ" ကိုတိုးမြှင့်ရန်ကြိုးစားနေသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့မည့် ထောက်ပံ့ငွေဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာရင်းနှီးမြှုပ်နှံမှုစသည်တို့ကို ပြုလုပ်ပါက ငွေထောက်ပံ့ရန်လိုအပ်သည့်အချက်များနှင့်အညီ ထိုကုန်ကျစရိတ်၏တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးပါသည်။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာသာ) 業務改善助成金 検 索




**ငွေထောက်ပံ့ရန်လိုအပ်သည့်အချက်များ**

1. လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံးလုပ်အားခကိုတိုးမြှင့်ခြင်း
2. တိုးမြှင့်ထားပြီးသောလုပ်အားခပမာဏကိုပေးချေခြင်း
3. ကုန်ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်မှုကို ပံ့ပိုးမည့် ကိရိယာများနှင့် စက်ပစ္စည်းများကို တပ်ဆင်ခြင်း
4. ထုတ်ပယ်ခြင်း၊ လုပ်အားခလျှော့ချခြင်းကဲ့သို့သော ခွင့်ပြုချက်မရှိသည့် အကြောင်းများမရှိပါ

▶ စက်ပစ္စည်းကိရိယာရင်းနှီးမြှုပ်နှံမှုများအတွက်လိုအပ်သော ကုန်ကျစရိတ်၏တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ခြင်း

**ထောက်ပံ့ငွေပေးချေမှုအထိအဆင့်ဆင့်**

1. လျှောက်လွှာ၊ လုပ်ငန်းအကောင်အထည်ဖော်မှုစီမံကိန်းစသည်ကို အနီးဆုံးစီရင်စု၏အလုပ်သမားဌာနသို့တင်ပြခြင်း
▶ စစ်ဆေးခြင်း
2. ခွင့်ပြုပြီးနောက် တင်ပြထားသည့် စီမံကိန်းအရလုပ်ငန်းကိုအကောင်အထည်ဖော်ခြင်း
▶
3. အလုပ်သမားဌာနသို့ လုပ်ငန်းအကောင်အထည်ဖော်မှုရလဒ်ကိုအစီရင်ခံခြင်း
▶ စစ်ဆေးခြင်း
4. ငွေထောက်ပံ့ခြင်း

### ပညာရှင်နှင့် အခမဲ့ ဆွေးနွေးခြင်းကို အကောင်အထည်ဖော်ခြင်း

လုပ်အားခ တိုးမြှင့်ရေးတွင် စိတ်ပူပင်နေသည့် ပုဂ္ဂိုလ်များသည် အလုပ်သမား ပြုပြင်ပြောင်းလဲတိုးတက်ရေးအား အကူအညီပေးသည့် စင်တာတွင် ဆွေးနွေးတိုင်ပင်ပါ။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာသာ) 働き方改革推進支援センター 検 索

### အလုပ်လုပ်ခြင်းပုံစံဆန်းသစ်ပြောင်းလဲမှုမြှင့်တင်ခြင်းထောက်ပံ့ငွေ

ဂျပန်ဘဏ္ဍာရေးအဖွဲ့ အစည်းတွင် လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံးလုပ်အားခအားမြှင့်တင်ရန် ကြိုးပမ်းနေသူများအတွက် ပစ္စည်းကိရိယာရင်းနှီးငွေများနှင့် လည်ပတ်မှုရင်းနှီးငွေများအား ချေးငွေများ ဆောင်ရွက်ပေးနေပါသည်။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာသာ) 働き方改革推進支援資金 検 索


リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。


(R3.9)